**ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော အခြေအနေများနှင့် ပတ်သက်၍**
**မြန်မာနိုင်ငံအတွင်းရှိ INGOs များ၏ သတင်းထုတ်ပြန်ချက်**
**၂၀၁၉ ခုနှစ်၊ ဧပြီလ (၁) ရက်**

ရခိုင်ပြည်နယ်အတွင်း ရပ်ရွာအဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် ပံ့ပိုးကူညီလျက်ရှိသည့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများနှင့် ရခိုင်တပ်မတော်(AA) တို့အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများအပေါ်တွင် အထူးစိုးရိမ်ပူပန်မိပါသည်။ ယခုတိုက်ပွဲများကြောင့် ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အရပ်သားများ သေကြေပျက်စီးခြင်း၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရခြင်းနှင့် မတည်ငြိမ်သေးသော လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းစဉ် အခြေအနေများကိုလည်း ဆိုးရွားစေ ပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော ကျွန်ုပ်တို့၏ ထုတ်ပြန်ချက်အတိုင်း နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေးဥပဒေများကို လေးစားလိုက်နာခြင်းဖြင့် အရပ်သားများကို အကာအကွယ်ပေးရန် ကျွန်ုပ်တို့အနေဖြင့် တိုက်ပွဲများတွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများနှင့်အားလုံးကို တိုက်တွန်းအပ်ပါသည်။

တိုက်ပွဲ၏ အရှိန်မြင့်တက်လာမှုနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးမှုများကြောင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်မှ စတင်ပြီး၊ မြန်မာနိုင်ငံအစိုးရမှ မြို့နယ် (၅)မြို့နယ် (ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်)တို့တွင် လူသားချင်းစာနားထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ကန့်သတ်မှုများ ရှိခဲ့ပါသည်။ ထို့အပြင် မြောက်ဦးမြို့နယ် အတွင်းရှိ ကျေးရွာများတွင်လည်း ထပ်မံ၍ ကန့်သတ်မှုများ ပြုလုပ်ခဲ့ပါသည်။

တိုက်ပွဲနယ်မြေများအတွင်း နေထိုင်ကြသည့် လူဦးရေ အနည်းဆုံး ၉၅,၀၀၀ ကျော်သည် ၎င်းတို့၏ အခြေခံလိုအပ်ချက်များအတွက် ကူညီပံ့ပိုးမှုများကို မရရှိနိုင်ကြတော့ပေ။ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် သန့်ရှင်းသောရေရရှိရေး စသည့် ဝန်ဆောင်မှုများကို ရရှိရန် အခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။ အသက်မွေးဝမ်းကျောင်းအစီအစဉ်များ၊ စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများနှင့် အခြားသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကိုလည်း ရပ်နားထားရပြီး၊ တိုက်ပွဲများသည် ရပ်ရွာလူထု၏ ကျန်းမာရေးနှင့် စားနပ်ရိက္ခာဖူလုံမှုများကိုလည်း ဆိုးကျိုးသက်ရောက်စေပါသည်။ ထပ်မံရောက်ရှိလာသော အိုးအိမ်စွန့်ခွာလာသူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို လုပ်ဆောင် ခွင့်ပြုထားပါသော်လည်း ကူညီပံ့ပိုးမှုများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

လူသားချင်းစာနာထောက်ထားမှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသူတို့၏ ဘေးကင်းလုံခြုံရေး အတွက် အစိုးရ၏ အဓိကတာဝန်နှင့် ဆောင်ရွက်ချက်များကို ကျွန်ုပ်တို့အနေနဲ့ အသိအမှတ်ပြုပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများ၏အခြေအနေသည် မတူညီပဲ ကွဲပြားခြားနားမှုများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ မြို့နယ်များ၏ ကွဲပြားခြားနားမှုပေါ်မူတည်၍ လိုက်လျောညီထွေမှုရှိသော သွားလာခွင့်များကို ခွင့်ပြုပေးစေလိုပါသည်။ လုံခြုံရေးအရ မြို့နယ်များအားလုံးတွင် သွားလာဆောင်ရွက်ခွင့်ကို တပြေးညီ ကန့်သတ်လိုက်ခြင်းသည် အခြေခံအကူအညီထောက်ပံ့မှုများ လိုအပ်နေသည့် ရပ်ရွာလူထုအား အကြပ်အတည်း ဖြစ်ပေါ်စေပါသည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု စည်းမျဉ်းများအရ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ မှ ရပ်ရွာလူထု၏ လိုအပ်ချက်များကို လေ့လာပြီး၊ လိုအပ်သော အကူအညီနှင့် စောင့်ရှောက်မှုများကို လျင်မြန် ထိရောက် လွတ်လပ်စွာဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မည့် လုပ်ဆောင်ခွင့်ပေးနိုင်ပါရန် တိုက်တွန်း အပ်ပါသည်။

ACTED
Action Contre la Faim
CARE
Consortium of Dutch NGOs
Danish Refugee Council
Lutheran World Federation
Mercy Corps
Norwegian Refugee Council
Oxfam
Peace Winds Japan
People in Need
Plan International
Relief International
Save the Children
Solidarites International
World Vision